သူငယ်ချင်းရေ,

ပုထုစဉ်ဆိုတာ ကိလေသာ အပြည့်နဲ့ပါ။ ကိလေသာ ဆိုတာကတော့ စိတ်ရဲ့ညစ်နွမ်းကြောင်း၊ ပူလောင်စေကြောင်း လို့အဓိပ္ပါယ်ရပါတယ်။ အကျဉ်းအားဖြင့် (၁၀) ပါးရှိပါတယ်။ အဲဒါတွေက

(၁) စွဲလမ်းတပ်မက်တတ်သော လောဘ

(၂) စိတ်ဆိုးအမျက်ထွက်သော ဒေါသ

(၃) အမှားကိုသာသိသော မောဟ

(၄) ထောင်လွှားတက်ကြွခြင်း မာန

(၅) ပုဂ္ဂိုလ်၊ သတ္တဝါ ရှိသည်ဟုအယူမှားခြင်း ဒိဋ္ဌိ

(၆) ငါသည်အရင်ကဖြစ်ခဲ့ပါသလား စသည်ဖြင့်ယုံမှားခြင်း ဝိစိကိစ္ဆာ

(၇) စိတ်၏လေးလံထိုင်းမှိုင်း(ငိုက်မျဉ်း) ခြင်း ထိန

(၈) စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ

(၉) အကုသိုလ်မှမရှက်ခြင်း အဟိရိက

(၁၀) အကုသိုလ်မှမကြောက်ခြင်း အနောတ္တပ္ပ တို့ပဲဖြစ်တယ်။

အဲဒီ (၁၀) ပါးထဲမှာမှ ငါတို့တွေကို အပါယ်လေးပါး ကိုကျအောင်ဆွဲချနေတာက ဒိဋ္ဌိ ကိလေသာ ပါပဲ။ ဗုဒ္ဓ ဘာသာအများစုသိထားတာက....

လောဘ နဲ့သေ ပြိတ္တာပြည်

ဒေါသ နဲ့သေ ငရဲပြည်

မောဟ နဲ့သေ တိရိစ္ဆာန်ပြည်.... ရောက်တယ်လို့သိထားတယ်။

ဒါပေမဲ့ အရေးတကြီး သိထားရမှာက ဒိဋ္ဌိ အားပေးမှမပါပဲနဲ့ ဒီ လောဘ၊ ဒေါသ၊ မောဟ တို့ချည်းသက်သက်နဲ့တော့ အပါယ်ကိုမဆွဲချနိုင်ပါဘူး။ ဒါကြောင့် ဒိဋ္ဌိ သည်ရထားတစင်းရဲ့ ခေါင်းတွဲ နဲ့တူ၍ ကျန် ကိလေသာ(၉)ပါးသည် လူစီးတွဲ(၉)တွဲနဲ့တူပါတယ်။ လူစီးတွဲ ဆိုတာ သူ့ချည်းသက်သက် သွားလို့မရပါဘူး။ ခေါင်းတွဲ ပါမှသွားလို့ရပါတယ်။ ခေါင်းတွဲ နဲ့ဆိုရင်တော့ လူစီးတွဲ(၁) တွဲဖြစ်စေ၊ (၂) တွဲဖြစ်စေ၊ (၃) တွဲဖြစ်စေ၊ (၉) တွဲလုံးပေါင်းလို့ဖြစ်စေ သွားလို့ရပါတယ်။ ဒါကြောင့် ဒိဋ္ဌိ ကိုပယ်သတ်ဖို့က အရေးကြီးဆုံး အလုပ်ပါပဲ။

ကျေးဇူးတော်ရှင် မိုးညှင်းဆရာတော်ဘုရားကြီးကလဲ

ဒိဋ္ဌိ မသတ်၊ တဏှာ သတ်

မပြတ်သံသရာ၊

တဏှာ မသတ်၊ ဒိဋ္ဌိ သတ်

အပြတ်သံသရာ။......လို့ဟောတော်မူခဲ့တာပါ။

အဓိပ္ပါယ်ကတော့ ဝိပဿနာ စတင်အားထုတ်သူသည် ငါ ရှိသည်၊ သူရှိသည် ဟုအယူမှားသော ဒိဋ္ဌိ ကိလေသာကို အရင်သေအောင်သတ်ရမယ်။ ဒိဋ္ဌိ သေလျှင်တဆင့်တက်၍ အရဟတ္တ မဂ် ကိုရသောခါ တဏှာပါသေပြီး သံသရာ ပြတ်မယ်။...လို့ဆိုခြင်းဖြစ်တယ်။

ဘုရားရှင် လက်ထက်တုံးက နံမယ်ကျော်ကြားခဲ့တဲ့ ဝိသာခါ ကျောင်းအမ ကို သူငယ်ချင်း ကြားဖူးမှာပါ။ သူဟာ (၇) နှစ်သမီးကတည်းက သောတာပန် တည်ခဲ့တာပါ။ သောတာပန် ဆိုတာ ဒိဋ္ဌိကိလေသာ နဲ့ ဝိစိကိစ္ဆာ ကိလေသာ ကို ပယ်သတ်ပြီးသား ပုဂ္ဂိုလ်ပါ။ သူ အရွယ် ရောက်တော့ ပုဏ္ဏဝဓုန အမည်ရတဲ့ အမျိုးသားတယောက်နဲ့ အိမ်ထောင်ကျပြီး သား (၁၀) ယောက်၊ သမီး (၁၀) ယောက်၊ မြေး (၄၀၀)၊ မြစ် (၈၀၀၀) ရှိခဲ့တယ်။
အိမ်ထောင်ပြုခြင်း၊ သားသမီးများမွေးဖွါးခြင်း ကိုကြည့်ခြင်းဖြင့် ဝိသာခါမှာ စွဲလမ်းတပ်မက်ခြင်း လောဘ ကေန်ရှိပါတယ်။
ဝိသာခါ ဟာသူအလွန်အားကိုးရတဲ့ မြေးမလေးသေဆုံးတဲ့အခါ ပူဆွေးငိုကြွေးပါတယ်။ သောကဖြစ်ပါတယ်။ သောက ဟာ တရားကိုယ်ကောက်တော့ ဒေါသ ပါပဲ။
ဒါပေမဲ့ ဒီ လောဘ၊ ဒေါသ တွေက ဝိသာခါ ကို ပြိတ္တာပြည်၊ ငရဲပြည်၊ ဆွဲမချနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ဒိဋ္ဌိ ကိလေသာ မရှိလို့ပါပဲ။ အခု ဝိသာခါ နတ်ပြည် မှာရှိ ပါတယ်။

ဒီ သက္ကာယဒိဋ္ဌိ ခေါ် ငါရှိသည်ဟူသောအစွဲကို ပယ်သတ်ဖို့ အဆင့်(၃)ဆင့် နဲ့ စံနစ်တကျ ကြိုးစားရပါမယ်။ ပထမဆင့် အနေနဲ့ မရှိတဲ့ ပညတ်တရား ကို မရှိမှန်းသိအောင်၊ ရှိတဲ့ ပရမတ် တရား ကို ရှိမှန်းသိအောင် တရားနာဖို့လိုပါတယ်။ ဉာတ ပရိညာ လို့ခေါ်ပါတယ်။ ဒိဋ္ဌိ ကို အသိ နဲ့အရင်ခွါ၊ အရင်သတ်တယ်လို့လဲ ခေါ်ပါတယ်။ ဒါကြောင့် ဝိပဿနာ တရား များများနာဖို့ သိပ်အရေးကြီးပါတယ်။ အရှင် ဇဝန(မေတ္တာရှင်)၊ ဓမ္မရံသီ ဆရာတော် ဦးသုနန္ဒ၊ ပိုင်းလော့ဆရာတော် အရှင်ဇေယျာပဏ္ဍိတ၊ တို့ဟာ ဝိပဿနာတရား၊ သစ္စာလေးပါး တရားတွေကို ရှင်းရှင်းလင်းလင်း၊ ပိုင်ပိုင် နိုင်နိုင် ဟောပြောပြသနိုင်ကြပါတယ်။ ကိုယ် နာဖူး တဲ့ ဆရာတော်တွေပါ။တခြားဆရာတော်တွေ အများကြီးရှိပါသေးတယ်။
တရားနာတဲ့အခါ ဂရုတစိုက်နဲ့ ရိုရိုသေသေ နာဖို့လိုပါတယ်။ နားကတရားနာ၊ ဉာဏ်က ခန္ဓာ လှည့်ရပါမယ်။ နလုံးသွင်းမှန်မှ တရားရမှာပါ။ အဲဒီလိုမဟုတ်ဘဲ TV ကြည့်ရင်း၊ ဖုန်း ပြောရင်း၊ မိသားစု နဲ့စကားပြောရင်း နာရင်တော့ ဘယ်တော့မှ နားလည်သဘောပေါက်မှာမဟုတ်ဘူး။ ဝိပဿနာတရား၊ သစ္စာလေးပါးတရား ဟာ မြတ်စွာဘုရားရှင် လေးအသင်္ချေ၊ ကမ္ဘာ တသိန်း ပါရမီ ဖြည့်ပြီးမှ ထိုးထွင်းသိမြင်ခဲ့ရတဲ့တရားပါ။ လွယ်တယ်လို့တော့မအောင်းမေ့ပါနဲ့။ လူတိုင်း မနာ နိုင်သလို၊ နာတဲ့လူတိုင်းလဲ နားမလည်နိုင်ပါဘူး။ စိတ်ဝင်စားဖို့ ဆိုတာ ပိုခက်သေးတယ်။

ဝိပဿနာတရား၊ သစ္စာလေးပါးတရား ကိုအမှန်တကယ် ခန္ဓာ ဉာဏ်ရောက် သဘောပေါက်ခဲ့ ရင် ရတဲ့အကျိုးကျေးဇူးတွေက တန်ဖိုးမဖြတ်နိုင်ပါဘူး။ တသံသရာလုံးဖုံးခဲ့တဲ့ အဝိဇ္ဇာ၊ အမှောင်ထဲက ရုန်းထွက်နိုင် ခဲ့ပြီ၊ လူဖြစ်ရကျိုးနပ်ပီ ဆိုတဲ့ပီတိအဟုန်ဟာ ဘယ်အရာ နဲ့မှမလဲနိုင်ပါဘူး။ ပထမဆင့် ဉာတ ပရိညာ ကိုမ စဖြစ်ရင် ကျန်တဲ့ ဒုတိယဆင့်ဖြစ်တဲ့ တီရဏပရိညာ နဲ့ တတိယဆင့် ဖြစ်တဲ့ ပဟာန ပရိညာ တို့ကို လုပ်ဖြစ်မှာ၊ ရလာမှာ မဟုတ်တော့ဘူး။ ဒါဆို နိဗ္ဗာန် နဲ့ဝေးသထက်ဝေးပီပေါ့။ ဘုရားရှေ့သွားပီး နိဗ္ဗာန် ရ ရပါလို၏

လို့ဆုတောင်းနေရုံနဲ့ဘာမှ ဖြစ်လာမှာ မဟုတ်ဖူးနော်။ ဘုရားရှင်က လျှောက်ရမဲ့ လမ်းကို သေသေချာချာ ပြခဲ့ပြီးသားပါ။ နိဗ္ဗာန် ရဖို့ မဂ္ဂင် (၈) ပါး ကျင့်စဉ်က လွဲလို့ တခြား ဘာလမ်းမှ မရှိပါဘူး။ ရ ထားတဲ့ ခန္ဓာ (၅)ပါး ကို ဒုက္ခ သစ္စာ မှန်း ပိုင်ပိုင် နိုင်နိုင် မသိသေးသမျှ နိဗ္ဗာန် နဲ့ ဝေးနေအုံးမှာပဲ။ ဘဝစက် လည်နေအုံးမှာပဲ။ ဘဝစက် ဆိုတာ ဒုက္ခ သစ္စာ နဲ့ သမုဒယ သစ္စာ ပါ။ သစ္စာ သိသွားရင်တော့ ဓမ္မစက် လည်မယ်။ ဓမ္မစက် ဆိုတာ နိရောဓ သစ္စာ နဲ့ မဂ္ဂ သစ္စာ ပါ။ ငါတို့တွေ ဟိုတုံးက အားရပါးရ ဆိုခဲ့ ကြတဲ့ ဓမ္မစကြာ တရားဆိုတာ စာရွက် ပေါ်ရှိတာ မဟုတ်ဘူး။ ခန္ဓာ ပေါ်ရှိတာ၊ ခန္ဓာ ပေါ်မှာရှာရမှာ။ အတိတ်ကံ တွေကောင်းခဲ့ လို့ အကျိုးပေး ကောင်းတွေရထားတဲ့ နင့် ကို အပေါင်းစား မဖြစ်စေ ချင်တာငါ့ စေတနာပါ။ သံသရာတ လျှောက်လုံးမှာ အဖေါ်ဖြစ် ခဲ့တဲ့ တဏှာ ကတော့ တတ်နိုင်သလောက် ကပ်တွယ်ထားမှာပါပဲ။ အတု နဲ့ အစစ် ကိုခွဲခြားသိပါ သူငယ်ချင်း။ ဝိမုတ္တိ သုခကို နင်ရှာတွေ့ လာတဲ့အခါ လောကီ ချမ်းသာ ရဲ့ ပူလောင်မှုကို နင်ထင်ထင် ရှားရှားမြင်လာမှာပါ။

ကိုယ့်မှာ ပါရမီ ဘယ်လောက်ရှိတယ် ဆိုတာ လုပ်ကြည့်မှသိတာပါ။ ဘာမှ မလုပ်ရင်တော့ ရှိတဲ့ ပါရမီ လေးတောင် အကျိုးပေးခွင့်မရပဲ ဆုံးရှုံးသွားအုံးမယ်။ ရထားတဲ့ဘဝ ထဲမှာ နေ တတ်ဖို့ ထက် သေတတ်ဖို့ က ပိုအရေးကြီးပါတယ်။ နင့်လို အတိတ်ကံ မကောင်းတဲ့ ငါ က တော့ အို၊ နာ၊ သေ ကနိုပ်စက်လိုက်၊ လောကဓံ တရား က တိုက်ခိုက်လိုက် နဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေကို ခန္ဓာ ပေါ်မှာရော၊ ဘဝထဲမှာပါ မမြင်ချင်မှအဆုံးပါပဲ။ အကောင်းဘက် လှည့်တွေးရင်တော့ ငါ့ကို တရားလုပ်ဖို့ နှိုးဆော်နေ တယ်လို့ထင်တယ်။

ဘုရားဟောခဲ့တဲ့ တရားတွေကို သူများပြောလို့ သိပေမဲ့၊ သူများ ပါးစပ်ဖျားမှာတင် လမ်းမဆုံး ဘဲ၊ ကိုယ် ကိုယ်တိုင်၊ ကိုယ်ပိုင် ဉာဏ်နဲ့ သိနိုင်၊ မြင်နိုင် တဲ့ အနေအထား ထိရောက်အောင် ခုကစပြီး ကြိုးစားစို့လားဟေ။

စီစီချိုသန်း

၃.၃၁.၂၀၀၉